ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၆၂) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၅ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဒုတိယဥက္ကဋ္ဌဦးမြညိမ်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၆၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို(၁၈၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၈၅.၅၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဒုတိယဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်၊ အမျိုးသားလွှတ်တော် (၁၂)ကြိမ် မြောက် ပုံမှန်အစည်းအဝေးရဲ့ (၆၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဖေသောင်း၊ ကချင်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးထွန်းလွင်၊ ကချင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ နေမကောင်း။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင် ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး (၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ကျန်းမာရေး။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ မိသားစုကျန်းမာရေး။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေးဆေးစစ်ရန်ရှိပါတယ်။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကျန်းမာရေးမကောင်း။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်(၁)၊ ကျန်းမာရေးမကောင်း။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးဘိုးရယ်၊ ကယား(၃)၊ မိသားစုကျန်းမာရေး။ ဦးခင်အောင်မြင့်၊ မန္တလေး(၈)၊ ကျန်းမာရေး။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ နိုင်ငံခြားခရီးစဉ်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ နေမကောင်းတို့ ဖြစ်ကြပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့တွင် ဝိဇ္ဇာ/သိပ္ပံကောလိပ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၇။**

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင် က စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့တွင် ဝိဇ္ဇာ/သိပ္ပံကောလိပ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌမှ တစ်ဆင့်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဟုမ္မလင်းမြို့တွင် ဝိဇ္ဇာ/သိပ္ပံကောလိပ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ ဧပြီလအတွင်းမှာ နိုင်ငံတော်သမ္မတကြီးက စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်အတွင်းမှာရှိတဲ့ မြို့များခရီးစဉ်မှာ ၆-၄-၂၀၁၅ ရက်နေ့မှာ ဟုမ္မလင်းမြို့ကို ရောက်ရှိခဲ့ပါတယ်။ ဟုမ္မလင်းမြို့ကို ရောက်ရှိချိန်မှာ ဟုမ္မလင်းမြို့၊ မြို့အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ကနေပြီးတော့ ဟုမ္မလင်းမြို့မှာ ဝိဇ္ဇာ/သိပ္ပံကောလိပ်တစ်ခု ဖွင့်လှစ်ပေးရန် တင်ပြခဲ့ပါတယ်။

ဒီတင်ပြချက်ကို နိုင်ငံတော်သမ္မတကြီးက ခွင့်ပြုဖွင့်လှစ်ခွင့် တင်ပြချက်ကို လက်ခံခဲ့ပေမယ့်လည်း လွှတ်တော်မှာ မေးခွန်းမေးမြန်းသွားရန်လမ်းညွှန်ခဲ့ကြောင်း မြို့မိမြို့ဖများမှ သိကြပါတယ်။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အထက်ချင်းတွင်းဒေသဖြစ်တဲ့ ခန္တီးခရိုင်နဲ့ မော်လိုက်ခရိုင်တွင်းမှာရှိတဲ့ မြို့နယ်များဖြစ်ကြတဲ့ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်၊ မော်လိုက်မြို့နယ်နှင့် ဖောင်းပြင်မြို့နယ် များမှာရှိတဲ့ ဒသမတန်းအောင်မြင်ပြီး တက္ကသိုလ်ပညာကို ဆက်လက်သင်ယူမယ့် သင်ယူမည်ဆိုပါက အနီးစပ်ဆုံးမြို့ဖြစ်တဲ့ မုံရွာတက္ကသိုလ်ကို သွားရောက်သင်ယူရပါတယ်။ ဒီလိုသွားရောက်တဲ့အခါမှာ ကျောင်းသူ/သားများ တွေ့ကြုံရတဲ့ အခက်အခဲလေးတွေကတော့ နယ်မြေအနေအထားအရ သွားလာရန်ခက်ခဲခြင်း၊ အဆင့်မြင့်ပညာသင်ယူရန် ငွေကုန်ကြေးကျများပြားခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် ကျန်းမာရေးထိခိုက်ခြင်း စတဲ့အခက်အခဲများနဲ့ ရင်ဆိုင်တွေ့ကြုံခဲ့ရပါတယ်။ ဟုမ္မလင်းမြို့မှာ ဝိဇ္ဇာ/သိပ္ပံ ကောလိပ်ဖွင့်လှစ်ပါက အထက်ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ကျောင်းသူ ကျောင်းသားများသာမက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ ကျောင်းသူ ကျောင်းသားများပါ တက်ရောက်ပညာသင်ယူနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီး၏ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့ခရီးစဉ် လမ်းညွှန်မှာကြားချက်အရ ဒေသခံကျောင်းသူ၊ ကျောင်းသားများတက္ကသိုလ်ပညာသင်ကြားနိုင်ရေး မျှော်တွေးလျက် အောက်ပါမေးခွန်းများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ (က) ဟုမ္မလင်းမြို့တွင် ဝိဇ္ဇာ/သိပ္ပံကောလိပ်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ (ခ) ဖွင့်လှစ်မည်ဆိုပါက မည်သည့်ပညာသင်နှစ်တွင် ဖွင့်လှစ်မည်ကို သိရှိလိုခြင်း၊ (ဂ) ဖွင့်လှစ်နိုင်ခြင်း မရှိပါက မည်သည့်အတွက်ကြောင့် မဖွင့်လှစ်နိုင်ခြင်းတို့ကို သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌမှ တစ်ဆင့်ရိုသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာဇော်မင်းအောင် က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ ကိုယ်စား ဒုတိယဝန်ကြီး၊ ကျွန်တော် ဒေါက်တာဇော်မင်းအောင် က စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးအောင်ချစ်လွင် ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့မှာ ဝိဇ္ဇာ/သိပ္ပံ ကောလိပ်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄-၂၀၁၅ ခု ပညာသင်နှစ်မှာ မုံရွာတက္ကသိုလ်မှာ ခန္တီးခရိုင်နဲ့ မော်လိုက်ခရိုင် မြို့နယ်အလိုက် နေ့စဉ်လာတက်ရောက်ကြသော ကျောင်းသူ၊ ကျောင်းသားများမှာ ခန္တီးမြို့နယ်မှ(၉၂)ဦး၊ ဟုမ္မလင်းမြို့နယ်မှ(၃၇၅)ဦး၊ လေရှီးမြို့နယ်မှ(၃)ဦး၊ လဟယ်မြို့နယ်မှ(၃)ဦး၊ နန်းယွန်းမြို့နယ်မှ တက်ရောက်မယ့်သူမရှိသေးပါဘူး။ မော်လိုက်မြို့နယ်မှ(၁၆၀)ဦး၊ ဖောင်းပြင်မြို့နယ်မှ (၂၂၀)ဦး၊ စုစုပေါင်း(၈၅၃)ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကောလိပ်တစ်ခု ဖွင့်လှစ်နိုင်ဖို့အတွက် ဖွဲ့စည်းပုံအရ ခွင့်ပြုကျောင်းသား၊ ကျောင်းသူ အနည်းဆုံးဝင်ဆံ့ အင်အား(၂၀၀၀) ရှိရမည့်အပြင် အဆောက်အအုံ မြေနေရာ၊ သင်ကြားပို့ချမယ့် ဆရာ/ဆရာမအင်အား၊ ဝန်ထမ်းအင်အား၊ သင်ထောက်ကူပစ္စည်း၊ ကျောင်းသုံးပရိဘောဂပစ္စည်းများ ဖြည့်ဆည်းပေးရန် လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျောင်းသူ၊ ကျောင်းသားဝင်ဆံ့အင်အား ပြည့်မီတဲ့အခါမှာ လည်းကောင်း၊ တိုင်းဒေသကြီး ပြည်နယ်အလိုက် တက္ကသိုလ်များစုစည်းမှု အစီအမံရေးဆွဲချိန်မှာ လည်းကောင်း၊ ဟုမ္မလင်းမြို့မှာ ဝိဇ္ဇာ/သိပ္ပံ ကောလိပ်တစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မန္တလေးနန်းမြို့တော်အတွင်း မြန်မာမင်း လွှတ်တော်ပုံစံ ခေတ်မီပြတိုက် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က မန္တလေး နန်းမြို့တော်အတွင်း မြန်မာမင်းလွှတ်တော်ပုံစံ ခေတ်မီပြတိုက် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေး နန်းမြို့တော်တွင်း မြန်မာမင်း လွှတ်တော်ပုံစံ ခေတ်မီပြတိုက် တည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။


ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် အဆောက်အအုံတွေအပြင် တိုင်းပြုပြည်ပြုလွှတ်တော်၊ လမ်းစဉ်ပါတီခေတ် လွှတ်တော်တွေ အထင်ကရရှိပါတယ်။ ကုန်းဘောင်ခေတ်လွှတ်တော်ကတော့ ဓာတ်ပုံအထောက်အထားတွေသာကျန်ပြီးတော့ ပြာပုံဖြစ်ခဲ့ရပါတယ်။ မန္တလေး မြနန်းစံကျော် ဟာ ပြည်တွင်း၊ ပြည်ပ ခရီးသွားတွေနဲ့ စည်ကားများပြားပါတယ်။ နန်းခုံတော် အနောက်ပွဲတက်ဇေတဝန်ဆောင်မှာလည်း ပြတိုက်ရှိပါတယ်။ မန္တလေးမြို့ အနောက်ကျုံးထိပ်မှာလည်းပြတိုက်နဲ့ စာကြည့်တိုက် ရှိပါတယ်။ ဒါပေမဲ့ ဒီအဆောက်အအုံတွေဟာ ခေတ်မီပြတိုက်တွေ မဟုတ်ပါဘူး။ ဒါကြောင့် ခေတ်နဲ့လျော်ညီတဲ့ ပြတိုက်အဖြစ် မြန်မာမင်း လွှတ်တော်ပုံစံတူ ဆောက်လုပ်ပေးဖို့အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ဟာ ရှေးမြန်မာမင်းတွေလက်ထက်က အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးတို့မှာ အရေးပါတဲ့ ဌာနကြီးဖြစ်ပါတယ်။ ကုန်းဘောင်ခေတ်မှာ လွှတ်ရုံး(၅)ရပ်ရှိပါ တယ်။

လွှတ်တော်၊ ဗြဲတိုက်တော်၊ ရှေ့ရုံးတော်၊ တရားရုံးတော်၊ အနောက်ရုံးတော် ဆိုပြီးတော့ ရှိပါတယ်။ ရွှေဘုံနိဒါန်းမှာ ပျူစောထီးမင်းလက်ထက်မှာ မင်းမျိုး(၄)ယောက်ခန့်ထားပြီးတော့ ပြည်ထဲရေး စီရင်ရန် ခွင့်ပြုသည်မှ လွှတ်တော်ပေါ်ပေါက်တယ်လို့ အဆိုရှိပါတယ်။ ဒါပေမဲ့ ပုဂံခေတ်ကျောက်စာတွေမှာ လွှတ်တော်ဆိုတဲ့ဝေါဟာရကို မတွေ့ရသေးပါဘူး။ ပုဂံမင်းတွေ အလှူဒါနပြုရာ၊ တရားစီရင်ရာ အဖြစ် ကွန်းဆိုတဲ့ အဆောက်အအုံ ရှိခဲ့ကြောင်း သိခဲ့ရပါတယ်။ နရပတိစည်သူမင်းရဲ့သားတော် ဇေယျသင်္ခမင်းခေါ်တဲ့ ထီးလိုမင်းလိုခေါ်တဲ့ နန်းတောင်းများမင်းလက်ထက်မှာ နောင်တော်တွေဖြစ်တဲ့ ဇေယျသူရ၊ သိင်္ခသူရ၊ ရာဇသူ၊ ပျံချီဇေယ တို့ကို ပြည်ထဲရေးစီရင်ရန် အခွင့်လွှတ်ခဲ့တဲ့အတွက်ကြောင့် ၎င်း မင်းလက်ထက်ကနေစတင်ပြီး ပေါ်ပေါက်လာတယ်လို့ ရွှေဘုံနိဒါန်းက ဆိုပါတယ်။ ဆရာကြီးရွှေပြည်ဦးဘတင် က လွှတ်တော် ဆိုတာ ပူဇော်တယ်လို့ အဓိပ္ပာယ်ဖွင့်ပါတယ်။ တစ်နည်းအားဖြင့် ပြည်သူတို့ အခွန်လွှတ်ရာ၊ ဆက်သရာ ဌာနကို လွှတ် ဆိုပြီးခေါ်ကြောင်း ဆိုပါတယ်။ တော် ဆိုတာကတော့ မြင့်မြတ်တဲ့ ကောင်းမွန်တယ်ဆိုတဲ့ အနက်ကို ဆောင်ပါတယ်။ ရှေးကဘုရင်တွေ လက်မှတ်ထိုးတဲ့အခါမှာ ဘွဲ့ကိုမထိုးပါဘူး။ တော် ဆိုပြီးတော့ ထိုးလေ့ ရှိပါတယ်။ ဒီရှေးကတော့ ဘုရင်ဧကရာဇ်ပြီးရင် လွှတ်တော်ဝန်ကြီး (၄)ပါးက အာဏာအရှိဆုံး ဖြစ်ပါတယ်။ ရှေးကလွှတ်တော်ကို တစ်နေ့မှာ နှစ်ကြိမ်စည်းဝေး ပါတယ်။ နံနက်ပိုင်းကတော့ လျှောက်လွှာ ခေါ်ယူတဲ့အလုပ်ပဲ ရှိပါတယ်။ ပြီးရင် ဘုရင်မှာ မနက်ညီလာခံဝင် ရပါတယ်။ နေ့လည် (၁၂း၀၀)နာရီ လောက်ကနေ (၃း၀၀)နာရီလောက်ထိ လွှတ်တော်အစည်းအဝေး တွေလုပ်လေ့ရှိပါတယ်။

ဧကရာဇ်မင်းတွေကတော့ တစ်နေ့မှာ ညီလာခံ(၃)ရပ် ကျင်းပရပါတယ်။ ဒါပေမဲ့ ဘုရင်တစ်ပါး နန်းတက်မယ်ဆိုရင်တော့ လွှတ်တော်ကို ၃ ရက်တက်ရတဲ့ ရွှေနန်းစဥ်ဆက်ထုံးစံရှိပါတယ်။ လွှတ်တော် တက်ရာမှာ ဘုရင်နဲ့လွှတ်တော်အရာရှိတွေအားလုံးဟာ ခေါင်းပေါင်းဖြူ အင်္ကျီလက်ရှည် အဖြူကိုသာ ဝတ်ဆင်ရပြီး ပုဆိုးကတော့ နှစ်သက်ရာဝတ်ဆင်နိုင်ပါတယ်။ ဘုရင်နဲ့ အိမ်ရှေ့မင်းတွေကတော့ ဝေါယာဥ် စီး ထွက်လေ့ရှိပြီးတော့ ဘုရင်ကတော့ တပ်(၅)တပ် ခင်းရပါတယ်။ ဘုရင်မအားလပ်တဲ့ အခါမှသာ အိမ်ရှေ့မင်း ဒါမှမဟုတ် လွှတ်တော်မင်းသားကြီးတွေက ဦးဆောင်ပြီး ကျင်းပပါတယ်။ ဒီသီပေါမင်းနန်း တက်လို့ ဒီ လွှတ်တော် စတက်တဲ့နေ့မှာ ဆင်းရဲသားပြည်သူတွေရဲ့ကြွေး(၄၇၀၀၀)ကို စိုက်လျော်ပြီးတော့ ဒီ စာချုပ်ပုရပိုက်တွေကိုလည်း မီးပုံရှို့စေပါတယ်။ လူတစ်ဦးကို (၁၀)၊ (၁၅)ကျပ်နဲ့ ကြွေးတင်ပြီး ကျွန်ဖြစ် နေရသူတွေအားလုံး လွတ်ငြိမ်းချမ်းသာကြပါတယ်။ အဲဒီကနေစပြီးတော့ ကြွေးတင် ဘုရင်ဆပ်ဆိုတဲ့ စကားပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။ ရွှေနန်းသုံးဝေါဟာရ အဘိဓာန်မှာ လွှတ်တော်တည်ရာဌာနကို နန်းမြို့တော် သစ်တပ်အတွင်း တံခါးနီတော်အထွက် လက်ယာဘက်က အရှေ့ဘက်ကို မျက်နှာပြု ပြီး တော့ လက်ဝဲ၊ လက်ယာ ရှေ့မျက်နှာပြင်များမှာ ကြမ်းပြင်ကြီးတွေ ပတ်လည်နဲ့တကွ လွှတ်တော်ဆောင်၊ သီဟာသနပလ္လင်ထားရှိတဲ့ ဇေတဝန်ဆောင်နဲ့ အခု ပုံမှာပြထားတဲ့အတိုင်း နှစ်ဆောင်တွဲပေ့ါနော် နေကျော် ဆောက်လုပ်ထားတဲ့ ၁၄ ခန်းစီ ပတ်လည်ရှိတဲ့ အဆောက်အဦကြီးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပြည်တွင်းပြည်ပခရီးသွားတွေ စည်ကားများပြားလှတဲ့ မန္တလေးနန်းမြို့တော် အတွင်းမှာ မြန်မာမင်းလွှတ်တော်ပုံစံ ခေတ်မီပြတိုက် တည်ဆောက်ပေးရန် အစီအစဥ်ရှိ/မရှိ ဒုတိယ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အများပြည်သူရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

မန္တလေးနန်းမြို့တော် လွှတ်တော်ပုံစံငယ်(ဖဖ)



လွှတ်တော်

**အချိန်၊ ၁၀း၁၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဦးသန်းဆွေက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဦးသန်းဆွေ (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်းမေးမြန်း သည့် မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားမှာ ဖြစ်ပါတယ်။ လေးစားရပါသော အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်မှာ အမျိုးသားပြတိုက်(၂)ခု၊ ယဉ်ကျေးမှုပြတိုက် (၁၅)ခု၊ ရှေးဟောင်းသုတေသနပြတိုက်(၁၀)ခုနဲ့ ဗုဒ္ဓရုပ်ပြ(၃)ခု၊ အထိမ်းအမှတ်ပြတိုက်(၂)ခု၊ စုစုပေါင်း ပြတိုက်(၃၂)ခု ရှိပါတယ်။ အဆိုပါ ပြတိုက်များအပြင် နန်းတော်များကို မူလပုံသဏ္ဌာန်အတိုင်း ပြန်လည် တည်ဆောက်ပြီးတော့ Out door exhibits များအဖြစ် ဖွင့်လှစ်ပြသလျက်ရှိရာ ပုဂံမြို့မှာရှိတဲ့ သီရိဇေ ယျဘူမိမင်္ဂလာနန်းတော်၊ ပဲခူးမြို့မှာရှိတဲ့ ကမ္ဘောဇသာဒီနန်းတော်နဲ့ ရွှေဘိုမြို့မှာရှိတဲ့ ရွှေဘုံရတနာ မင်္ဂလာ နန်းတော်၊ မန္တလေးမြို့မှာရှိတဲ့မြနန်းစံကျော်ရွှေနန်းတော်တို့ကို မူလပုံစံအတိုင်း ပြန်လည် တည်ဆောက် ပြသထားလျက်ရှိပါတယ်။ မန္တလေးမြို့ မြနန်းစံကျော် ရွှေနန်းတော်မှာ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မား ရေးအတွက် ရည်ရွယ်ကာ မူလပုံစံအတိုင်း မြေနန်းပြာသာဒ်၊ ဇေတဝန်ဆောင်၊ ပြတိုက်၊ တောင်ထားဝယ် ဆောင်၊ မြောက်ထားဝယ်ဆောင်၊ မှန်နန်းဆောင်စသည့် အဆောင်များအား စနစ်တကျ ပြန်လည် တည်ဆောက်ထားတဲ့အတွက် လေ့လာသူများအတွက် နန်းတွင်းအလေ့အထများကို လေ့လာမှတ်သား နိုင်စေပါတယ်။

သို့ပါ၍ မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးကို မူလပုံစံအတိုင်း ပြန်လည် တည်ဆောက် ပြသထားပြီး ဖြစ်တာကတစ်ကြောင်း၊ မန္တလေးမြနန်းစံကျော်ရွှေနန်းတော်ကြီးရဲ့ အနောက် ဘက်မှာလည်း ပြတိုက်အဆောင်တစ်ဆောင်အနေနဲ့ ပြတိုက်ပြထားတာရှိတာကတစ်ကြောင်းတို့ကြောင့် မန္တလေးနန်းမြို့တော်အတွင်း မြန်မာမင်းလွှတ်တော်ပုံစံ ခေတ်မီပြတိုက် တည်ဆောက်ပေးရန် အစီအစဉ် မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၂၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်

ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၃

၃။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ည) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ည) လွှတ်တော်ရုံး ဆိုသည်မှာ အမျိုးသားလွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ကြီးကြပ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ရုံးကိုဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၅

၅။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ည) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ည) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာလိုသော ပြည်သူများအား ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၉

၉။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၁၇။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်း ပထမပုံမှန် အစည်းအဝေး စတင် မကျင်းပမီ အချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၀

၁၀။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃၄(ခ)လွှတ်တော်၏ ပထမပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏သက်တမ်း စတင်သည့် နေ့မှ ခုနစ်ရက်အတွင်း ကျင်းပရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၂

၁၂။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၇ နှင့် ပုဒ်မ ၄၈ တို့တွင် ပါရှိသော အခြားဘာသာ သာသနာကို ပုတ်ခတ် ပြောဆိုခြင်းဆိုသည့်စကားရပ်ကို ဘာသာ သာသနာကို ပုတ်ခတ် ပြောဆိုခြင်းဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ဖြည့်စွက်ချက် -

အပိုဒ် ၁၃

၁၃။ ၂၀၁၂ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ၅၀ ၏ ခြေဆင်းကို အောက်ပါ အတိုင်း အစားထိုးရမည် -

၅၀။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၃ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ဖြည့်စွက်ချက် -

အပိုဒ် ၁၄

၁၄။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၆၃ နှင့် ၆၆ တို့တွင် ပါရှိသော အမျိုးသားလွှတ်တော်ရုံး ဆိုသည့် စကားရပ်များကို လွှတ်တော်ရုံးဆိုသည့် စကားရပ်များဖြင့် အသီးသီး အစားထိုးရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၄ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်က ဥပဒေကြမ်း၏ အပိုဒ် ၄၊ အပိုဒ် ၉၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅(ခ)၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

**ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၂၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ကျန်းမာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော် များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးစဉ်းစားနိုင်ရန်အတွက် တင်ပြသွားမှာဖြစ်ပါ တယ်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ၁၉၅၉ ခုနှစ်မှာ ရေးဆွဲ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ၁၉၇၁ ခုနှစ်တွင် ၎င်းဥပဒေကို ပြင်ဆင်သည့် ဥပဒေတစ်ခုအဖြစ် ထုတ်ပြန်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၇/၈၈ အရ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အရ ဖြစ်ပေါ်လာသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ခေတ်နဲ့လျော်ညီ သော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ရေးဆွဲရန် လိုအပ်လာပါတယ်။ ဤဥပဒေကြမ်းကို ရေးဆွဲရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီ လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံ (၁၈၉) နိုင်ငံတွင် ပါဝင်သော အမျိုးသားကြက်ခြေနီအသင်း တစ်သင်းဖြစ်သည့် အားလျော်စွာ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားမှုများ၏ ဥပဒေနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေဘောင်အတွင်းမှ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲ တင်ပြခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဤဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးထွန်းမြင့် က ထောက်ခံပါတယ်။

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၁။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးမြင့်ထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်တဲ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကျန်းမာရေး ဒုတိယဝန်ကြီးနှင့်တကွ ကော်မရှင် အဖွဲ့ဝင်ကြီးများ မင်္ဂလာပါ။ ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ပဲခူးတိုင်းဒေသကြီး အမှတ်

(၁၀)က ဦးမြင့်ထွန်း အနေနဲ့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ကော်မတီ ကိုယ်စား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းအပေါ် စိစစ်ထားတဲ့ အစီရင်ခံစာကို တင်ပြပါမယ်။ အစီရင်ခံစာကို ကိုယ်စားလှယ်တော်ကြီးတွေကိုလည်း ဝေထားပါတယ်။ အချိန်ကိုချွေတာတဲ့အနေနဲ့ အကျဉ်းချုပ် တင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က မေလ ၃၁ ရက်မှာ ဒီဥပဒေကြမ်းကို ကျွန်တော်တို့ လွှတ်တော်ကိုပေးပို့လာလို့ ဇွန်လ ၈ ရက်နေ့မှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ကြက်ခြေနီ အသင်းဥက္ကဋ္ဌကြီး ဒေါက်တာသာလှရွှေ နဲ့ ဗဟိုအကျိုးဆောင်အတွင်းရေးမှူး ဦးခင်မောင်လှ တို့ အပါ အဝင် အရာရှိကြီးတွေနဲ့ (၃) နာရီကြာလောက် ကျွန်တော်တို့ ဆွေးနွေးခဲ့ကြပါတယ်။ လွှတ်တော်မှာ ဥပဒေ ရေးရာကော်မရှင်က ပညာရှင်ကြီးတွေလည်း ပါဝင်တက်ရောက် ဆွေးနွေးပါတယ်။ အချက်(၅)ချက် လောက် ကျွန်တော်တို့တွေ့ပြီးတော့ ပြင်ဆင်ဖြည့်စွက်ချက်တွေနဲ့ ညှိနှိုင်းခဲ့တာဖြစ်ပါတယ်။ ကိုယ်စားလှယ် တော်ကြီးတွေရဲ့ လက်ထဲမှာ အစီရင်ခံစာ အပိုဒ် ၂ မှာ အပိုဒ်ခွဲ (က) ကနေ (င) အထိ (၅)ချက် ဖော်ပြ ထားပါတယ်။

တွေ့ရှိချက်က အပိုဒ်ခွဲ (က)မှာကြည့်ရင် စကားရပ်တွေ ပြင်ထားတဲ့အကြောင်းတွေ့ရမှာ ဖြစ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ပါပြီးဖြစ်လို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုတာကို နိုင်ငံတော်လို့ပဲ ပြင်ပါတယ်။ ပြည်ထောင်စုအစိုးရဆိုတာကို လုပ်ထုံး လုပ်နည်းနဲ့အညီ အစိုးရအဖွဲ့လို့ ပြင်ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေကို ပြည်ထောင်စုနယ်မြေ ဗဟိုအမှုဆောင်အဖွဲ့ကို ဗဟို အလုပ်အမှုဆောင်အဖွဲ့ အခန်း (၂) ခေါင်းစဉ်ကို အသင်း၏ အဆင့်အတန်း၊ လုပ်ပိုင်ခွင့်နှင့် တာဝန်လို့ ပြင်လိုက်ကြပါတယ်။ အပိုဒ် ၅ မှာ အသင်းသည် နိုင်ငံတော်တွင် တစ်ခုတည်းသော အမျိုးသား ကြက်ခြေနီအသင်းဖြစ်ပြီး ယင်း၏ လုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ကြက်ဆောင်ရွက် နိုင်သည်။ ထို့အပြင် နိုင်ငံတကာ နယ်ပယ်တွင်လည်း အလားတူ ပူးပေါင်း ဆောင်ရွက်နိုင်သည်လို့ ပြင်ပါတယ်။ အပိုဒ် ၇ မှာလည်း ပြင်ပါတယ်။ အသင်းသည် ဤဥပဒေအရ နိုင်ငံတော်က အသိအမှတ်ပြု သည့် လွတ်လပ်သော လူမှုကရုဏာအသင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇ ပုဒ်မခွဲ (က) ပုဒ်မ ခွဲငယ် ၂ နှင့်အညီ လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခွင့် ရှိသည် ဆိုပြီးတော့ ပြင်ပါတယ်။ နောက်ပြီးတော့ အပိုဒ် ၈ အနေနဲ့ အသင်းသည် အသင်း၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တခြားအဖွဲ့အစည်းများ၏ ဝင်ရောက်စွက်ဖက်ခြင်း ကင်းရမည်။ ထို့အပြင် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဆိုပြီးတော့ ထည့်ပါတယ်။ အပိုဒ် ၉ မှာ ကြက်ခြေနီ လှုပ်ရှားမှု အတွင်း သဘောတူထားသည့် သက်ဆိုင်ရာနည်းဥပဒေများ၊ မူဝါဒများနှင့်အညီ လူမှုကရုဏာလုပ်ငန်း များကို ကူညီသော ၊ တူညီသော ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရာတွင် အခြားလူမှုကရုဏာအဖွဲ့ အစည်းများ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရမည်လို့ အစားထိုးပါတယ်။ ဒါတွေက ပထမတွေ့ရှိချက်တွေ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒုတိယ တွေ့ရှိချက်အနေနဲ့ ကိုယ်စားလှယ်ကြီးများရဲ့ အစီရင်ခံစာမှာ အပိုဒ် (ခ) တင်ပြထားပါတယ်။ အခန်းနံပါတ် ပြောင်းလဲလိုက်တာ ဖြစ်ပါတယ်။ အခန်း(၅)ကို (၃)အနေနဲ့ ပြောင်းပြီး တော့ ခေါင်းစဉ် တပ်ပါတယ်။ အသင်း၏ ရည်ရွယ်ချက်များလို့ ခေါင်းစဉ်တပ်ပါတယ်။ မူလအခန်း (၆) ကိုလည်း (၄)လို့ ပြောင်းပြီးတော့ ကြက်ခြေနီ လှုပ်ရှားမှုတွင် အခြားသော အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်မှု ဆိုပြီးတော့ ခေါင်းစဉ်တပ်ပါတယ်။ အပိုဒ် ၁၈(င)ကို (ဆ) ပြောင်းပြီးတော့ အသင်းသား လူငယ်ကိုယ်စားလှယ်များ ဆိုပြီးတော့ ပြင်ပါတယ်။ တတိယတွေ့ရှိချက် အနေနဲ့ အစီရင်ခံစာမှာ အပိုဒ်(ဂ)

အနေနဲ့ ဖော်ပြထားပါတယ်။ အခန်း(၈)ကို (၆) ပြောင်းပါတယ်။ ၂၂ (ဆ)မှာ စကားရပ် အစားထိုးပါတယ်။ ဗဟိုကောင်စီက တင်ပြသည့် အသင်းနှင့် စပ်လျဉ်းသည့် မူဝါဒများကို တင်ပြရမည်ဆိုပြီးတော့ ပြင်ပါတယ်။ နောက်တော့ အထွေထွေ ညီလာခံကို (၃)နှစ်လျှင် တစ်ကြိမ် ကျင်းပရမည်။ အထွေထွေ ညီလာခံ တက်ခွင့် ရှိသူ၏ ငါးပုံတစ်ပုံက တောင်းဆိုလျှင် အထွေထွေညီလာခံ အထူးအစည်းအဝေးကို ခေါ်ယူကျင်းပရမည် ဆိုပြီးတော့ ၂၂(ဆ)မှာ ထည့်ပါတယ်။ ၂၃ (င)ကိုလည်းပဲ ဗဟိုရေးရာကော်မတီများကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ရမည် ဆိုပြီးတော့ အစားထိုးပါတယ်။ အဲဒီလိုပဲ အပိုဒ် ၂၃ (ဠ)မှာ ဗဟိုကောင်စီအစည်းအဝေးကို အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပရမည်။ ဗဟိုကောင်စီဝင် သုံးပုံတစ်ပုံက တောင်းဆိုလျှင် ဗဟိုကောင်စီ အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည် ဆိုပြီးတော့ အစားထိုးပါတယ်။ အခန်း(၁၀)ကို (၈)အနေနဲ့ ပြောင်းပါတယ်။ ၂၅(ခ) မှာ ဗဟိုကောင်စီ၏ လမ်းညွှန်ချက် နှင့်အညီ ကြက်ခြေနီအသင်း အဆင့်ဆင့်၏ လုပ်ငန်း ဆောင်ရွက်မှုကို ကြီးကြပ်ရမည်ဟု စကားရပ် အစားထိုးပါတယ်။ ၂၅(ဌ)မှာတော့ ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်း များတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူများကို ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများကို ချီးမြှင့်ခွင့် ရှိသည်။ နိုင်ငံတကာအဆင့် ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်နိုင်ရေးအတွက် ထောက်ခံ တင်ပြခွင့် ရှိသည်လို့ ကျွန်တော်တို့ အစားထိုးပါတယ်။

စတုတ္ထ တွေ့ရှိချက်အနေနဲ့ ကိုယ်စားလှယ်တော်ကြီးများ ဝေထားတဲ့ အစီရင်ခံစာ အပိုဒ်ခွဲ (ဃ)မှာ အခန်း(၁၂)ကို (၉)လို့ ပြောင်းပြီးတော့မှ ခေါင်းစဉ်အနေနဲ့ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်းလို့ တပ်လိုက်ကြပါတယ်။ ဒါ့အပြင် အပိုဒ် ၃၃ မှာ စကားရပ်တစ်ခု ဖြည့်ပါတယ်။ အသင်းသို့ လှူဒါန်းသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့၏ လှူဒါန်းငွေနှင့် ပစ္စည်းများအပေါ် အခွန်ကင်းလွတ်ခွင့် ရှိစေရန် သတ်မှတ် ထားသော ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြနိုင်သည်လို့ ဖြည့်ပါတယ်။ ပြီးတော့ အသင်းသည် အသင်းပိုင်ပစ္စည်းများ၊ ရန်ပုံငွေများ၊ ဘဏ္ဍာငွေ သုံးစွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်ငန်းဆောင်ရွက် ချက်များအတွက် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း များနှင့်အညီ နှစ်စဉ် စာရင်း စစ်ဆေးခံရမည် ဆိုပြီးတော့ အသစ် ဖြည့်ပါတယ်။ အခန်း(၃)နဲ့ (၄)တို့က ခေါင်းစဉ်အနေနဲ့ အပိုဒ် ၁၃ နဲ့ ၁၅ တို့ကိုလည်း မလိုလို့ ပယ်ဖျက်ဖို့ သဘောတူလိုက်ကြပါတယ်။

ပဉ္စမတွေ့ရှိချက်အနေနဲ့ကတော့ တင်ပြချင်တာကတော့ ဥပဒေ ရေးထုံးတချို့ ပြင်ပါတယ်။ သတ်ပုံသတ်ညွှန်း အရေးအသားတချို့ ပြင်ပါတယ်။ အမှတ်စဉ်တချို့ အဆင်ပြေအောင် ပြောင်းလဲလိုက် ပါတယ်။ ဒါတွေကိုလည်း နောက်ဆက်တွဲဇယားမှာ ထည့်ထားပါတယ်။ နိဂုံးအနေနဲ့ အစီရင်ခံလိုတာ ကတော့ တာဝန်ရှိသူတွေ အားလုံးက အသေးစိတ် ဆွေးနွေးဖြည့်စွက် ပြင်ဆင်ထားပြီးဖြစ်လို့ အမျိုးသား လွှတ်တော်က အတည်ပြုပေးဖို့ ကော်မတီရဲ့ကိုယ်စား လွှတ်တော်ကို လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့်

အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၇-၆-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် က ဆွေးနွေးစဉ်းစားရန် အဆိုကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ် က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဗိုလ်ချုပ်တင်အောင်ချစ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါ တယ်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ဒုတိယအကြိမ်ပြင်ဆင် သည့် ဥပဒေမူကြမ်းကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဗိုလ်ချုပ်တင်အောင်ချစ် မှ အဆိုပြု တင်ပြသွားမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့တဲ့ နယ်စပ်ဒေသ အသီးသီးကို ၁၉၈၉ ခုနှစ်၊ လက်နက်ကိုင်အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်တဲ့ အချိန်မှစတင်ပြီး တော့ နိုင်ငံတော်အစိုးရအနေနဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက် နိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေး ဗဟိုကော်မတီကို ၁၉၈၉ ခုနှစ် မေလ ၂၅ ရက်နေ့တွင်လည်းကောင်း၊ ထို့ပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ နယ်စပ်ဒေသ နှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းဆပ်ကော်မတီနဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဒေသ ဆိုင်ရာလုပ်ငန်း ကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်များကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို ၁၉၉၂ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့မှာ စတင် ဖွဲ့စည်းခဲ့ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ ၁၃ မှစ၍ သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး အဆိုပါ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစဉ်များကို နှစ်တို/ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင် ရွက်ခဲ့ပါတယ်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ

ပိုမိုထိရောက်စွာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး အတွက် ၁၉၉၃ ခုနှစ်၊ ဥပဒေကို ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့မှာ ပထမအကြိမ် ပြန်လည် ပြင်ဆင် ရေးဆွဲခဲ့ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်မှာ ခေတ်ကာလအခြေအနေနှင့် လိုက်လျောမှုရှိစေရေးအတွက် သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ရုံးရဲ့ ၃၁-၁-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁/ပထ(စည်းဝေး) ၁၀/၂၀၁၄-၅၁ ဖြင့် ပေးပို့လာသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီများက တင်ပြခဲ့သည့် လက်ရှိတည်ဆဲ ဥပဒေကို ပြင်ဆင်ရေးဆွဲသင့်သော ဥပဒေများစာရင်းတွင်လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ၁၉၉၃ ကို ပြင်ဆင်ရေးဆွဲသင့်ကြောင်း ဥပဒေအဖြစ် ဖော်ပြချက်အရ သော်လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်နိုင်ရေး အဆိုပြုတင်ပြရခြင်း ဖြစ်ပါတယ်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ခေတ်ကာလနှင့်အညီ လိုက်လျောညီထွေမှုရှိစေရန် ပြင်ဆင်သည့်ဥပဒေမူကြမ်းကို ဥပဒေရေးထုံးနှင့်အညီရေးဆွဲပြီး ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ သဘောထားအကြံပြုချက် ပြန်ကြားပေးနိုင်ပါရန် ဥပဒေအကြံပြုချက် တောင်းခံခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ပြန်လည်ပြုစုရေးသားခြင်း၊ လုပ်ထုံးလုပ်နည်းနှင့် အညီ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့၏ သဘောထားအကြံပြုချက် တောင်းခံခြင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီသို့ တင်ပြခြင်း၊ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြအတည်ပြုချက်ရယူခြင်း စသည့် လုပ်ငန်းစဉ်များကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်အရ အဆိုပါ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းအား ပြည်ထောင်စုအစိုးရ အဖွဲ့ အစည်းအဝေးအမှတ်စဉ်၊ ၁၀/၂၀၁၅ သို့ ၇-၅-၂၀၁၅ ရက်နေ့တွင် တင်ပြအတည်ပြုချက် ရရှိပြီး ဖြစ်ပါကြောင်းနှင့် အဆိုပါဥပဒေကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၁၄-၅-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်သို့ ပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်အနေနဲ့လည်း ၁၉-၅-၂၀၁၅ ရက်နေ့မှာ မြန်မာ့အလင်းသတင်းစာတွင် ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ် များ ခင်ဗျား။ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းအား အသေးစိတ် ရှင်းလင်းတင်ပြပါမယ်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (စ)တွင်ပါဝင်သည့် ဝန်ကြီးဌာနဆိုသည်မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဆိုလိုသည်ဟူသည့်စကားရပ်အစား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်၊ ရက်စွဲပါအမိန့်အမှတ်၊ ၄/၂၀၁၁ အရ ဝန်ကြီးဌာနဆိုသည်မှာ နယ်စပ် ရေးရာဝန်ကြီးဌာနကို ဆိုလိုသည်ဟု အစားထိုးရခြင်း ဖြစ်ပါတယ်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းသည့် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်၊ ၅/၂၀၁၁ တွင်

ဖော်ပြခဲ့သော ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များတွင် ဖော်ပြထားခြင်းမရှိသော ပုဒ်မ ၅၊ ဗဟိုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၏ ပုဒ်မခွဲ(က)ဖြစ်သည့် ဤဥပဒေပါရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ခြင်းဟူသည့် ပုဒ်မခွဲကို ပယ်ဖျက်ရခြင်း ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာအမှတ်၊ ၆/၂၀၁၁ အရ မူအရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများ ပေါ်ပေါက်လာပါက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ရန် ဖြစ်သည်ဟု ဖော်ပြထားခဲ့ပါသဖြင့် အဆိုပါစာပိုဒ်ကို ပုဒ်မ ၇ ၏ နောက်တွင် ပုဒ်မ ၈ အဖြစ် ဥပဒေပုဒ်မတစ်ခု ထပ်မံ ထည့်သွင်းခဲ့ရာ ရှေ့နေချုပ်ရုံးမှ ပုဒ်မ ၈ အဖြစ် သီးခြားထည့်သွင်းမယ့်အစား ပုဒ်မ ၇ (က)အဖြစ် ထည့်သွင်းသင့်ကြောင်း၊ ဥပဒေကြောင်းအရ တိကျမှုရှိရန် လိုအပ်မည်ဖြစ်သဖြင့် ယင်းတာဝန်ကို မည်သည့်အဖွဲ့က ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပေါ်လွင်စေရန်နှင့် မူအရဆိုသည့်အသုံးအနှုန်းသည် လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် ရှင်းလင်းမှုရှိစေရန် ပြည့်စုံစွာ ဖော်ပြသင့်ကြောင်း အကြံပြုချက်အရသော်လည်းကောင်း၊ ဗဟိုကော်မတီ၏ လုပ်ငန်းဆိုင်ရာ အရေးကြီးတင်ပြချက်များကို ဗဟိုကော်မတီဥက္ကဋ္ဌဖြစ်သည့် နိုင်ငံတော်သမ္မတထံသို့ တိုက်ရိုက်တင်ပြ အဆုံးအဖြတ် တောင်းခံရသည့် လုပ်ငန်းစဥ်များတွင် လက်ရှိဖွဲ့စည်းပုံအရ အဆင်ပြေချောမွေ့မှုရှိသော်လည်း နောင်အနာဂတ်တွင် ဗဟိုကော်မတီဥက္ကဋ္ဌတာဝန်ကို အခြားတစ်ဦးမှ တာဝန်ထမ်းဆောင်ပါက လုပ်ငန်းကော်မတီ၏ တိုင်းရင်းသားရေးရာဆိုင်ရာ အရေးကြီးတင်ပြချက်များကို နိုင်ငံတော်သမ္မတထံ ဆက်လက်တင်ပြနိုင်ရေး မျှော်မှန်းချက်ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၇၊ လုပ်ငန်းကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနောက်တွင် ပုဒ်မ ၇(က)အဖြစ် လုပ်ငန်း ကော်မတီက ဆုံးဖြတ်ခြင်းမပြုနိုင်သော ကိစ္စများ ပေါ်ပေါက်ပါက ဒုတိယသမ္မတမှတစ်ဆင့် နိုင်ငံတော်သမ္မတထံ တင်ပြဆောင်ရွက်ရမည် ဖြစ်သည်ဟု ဖြည့်စွက်ရခြင်း ဖြစ်ပါတယ်။

အလားတူ ပုဒ်မ ၈၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့်စပ်လျဥ်း၍ ဝန်ကြီးဌာနနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များတွင် မူလဥပဒေတွင် ပုဒ်မခွဲ(က)မှ (ဆ)အထိ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပတ်သက်ဆက်စပ်သည့် ဥပဒေများဖြစ်ပြီး ပုဒ်မခွဲ(ဇ)သည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီး ဌာနနှင့် ပတ်သက်ဆက်စပ်သည့် ပုဒ်မခွဲဖြစ်ပါကြောင်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နောင်အနာဂတ်တွင်ပိုမိုဖြစ်ထွန်းလာမည့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို သက်ဆိုင်ရာတိုင်းရင်းသား ပြည်သူများနှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းပြီး လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် တိုင်းရင်းသားလူမျိုးများ၏ သဘောဆန္ဒနှင့်အညီ တိုင်းရင်းသားလူမျိုး ရေးရာကိစ္စရပ်များကို အလေးထားဆောင်ရွက်ပေးခြင်းဟူသည့် ပုဒ်မခွဲတစ်ခုကိုလည်းကောင်း၊ နယ်စပ် ရေးရာဝန်ကြီးဌာန၏ အဓိကလုပ်ငန်းစဥ်များတွင်ပါဝင်သော နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းနိုင်စေရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဥ်များတွင် ဒေသခံ တိုင်းရင်းသားလူငယ်များ ပိုမိုပါဝင်လာနိုင်စေရေး အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များအား အခြေခံနှင့် အဆင့်မြင့်ပညာရပ်များ သင်ကြား ပေး၍ ကျောင်းဆင်းပြီးပါက မိမိဒေသဖွံ့ဖြိုးရေးကို ပြန်လည်တာဝန်ထမ်းဆောင်နိုင်သည့် လူ့စွမ်းအား

အရင်းအမြစ်ကောင်းများ မွေးထုတ်ပေးရန် ဆောင်ရွက်ပေးခြင်းဟူသည့် ပုဒ်မခွဲ တစ်ခုကိုလည်းကောင်း ထပ်မံဖြည့်စွက်ခဲ့ရာ မူလ ပုဒ်မ(ဇ)တွင်ပါရှိသော ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ပတ်သက် ဆက်စပ်သည့် ဥပဒေပုဒ်မခွဲများ တစ်စုတစ်စည်းတည်း ရှိသည့်အတွက်ကြောင့်သော်လည်းကောင်း၊ ကျိုးကြောင်းဖော်ပြချက် စာသားများနှင့် ဆက်စပ်မှုရှိစေရေးအတွက် သော်လည်းကောင်း၊ မူလပုဒ်မခွဲ (ဆ)နှင့် (ဇ)ကြားတွင် အထက်ဖော်ပြပါ ပုဒ်မခွဲ အသစ်နှစ်ခုအား ထပ်မံ ဖြည့်စွက်ရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပုဒ်မခွဲ နှစ်ခုကို မူလဥပဒေပုဒ်မ ၈ တွင် ပုဒ်မခွဲ (ဇ)နှင့် (ဈ)အဖြစ် ထပ်မံ တိုးယူလိုက်သဖြင့် မူလပုဒ်မခွဲ(ဇ) (ဈ) (ည) (ဋ) (ဌ) (ၡ) (ပ) (ဏ) (တ)တို့ကို ပုဒ်မခွဲ (ည)၊ (ဋ) (ဌ) (ၡ) (ပ) (ဏ) (တ) (ထ) (ဒ) အဖြစ် အသီးသီးပြန်လည် အမှတ်စဉ်ရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများ ခင်ဗျား။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းအပေါ် သုံးသပ်ဆွေးနွေးပြီး အတည်ပြုပြဋ္ဌာန်းပေးနိုင်ရေး စဉ်းစား ဆုံးဖြတ်ပေးနိုင်ပါရန် အဆိုပြုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ နယ်စပ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးမြတ်ကို က ထောက်ခံပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော် ကိုယ်စားလှယ်ကြီးများထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား

အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေး စဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးဟာရှိန်းဘွေ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ နယ်စပ်ရေးရာ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို**
**ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၃၃၇
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ပါရန် ၁၈-၅-၂၀၁၅ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊

ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၀-၆-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) မူလဥပဒေကြမ်း အပိုဒ် ၂ တွင်ဖော်ပြထားသော စကားရပ်များအစား အသုံးအနှုန်း မှန်ကန်မှုရှိစေရန်အတွက် ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ နယ်စပ်ရေးရာဝန်ကြီးဌာနကိုဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄ တွင် ဖော်ပြထားသော စကားရပ်များအစား လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့မှုရှိစေရန်အတွက် လုပ်ငန်းကော်မတီက ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများ ပေါ်ပေါက်ပါက ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ရမည်ဟုဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) တိုင်းရင်းသားပြည်သူများ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းပြီး လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုဖြစ်ထွန်းပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဥ်များတွင် ဒေသခံတိုင်းရင်းသား လူမျိုးများ ပိုမိုပါဝင်လာနိုင်စေရေးအတွက် မူလဥပဒေကြမ်း အပိုဒ် ၅ ကို အောက်ပါအတိုင်း အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၅။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၏အောက်တွင် (ဆ-၁)နှင့်(ဆ-၂) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဆ-၁) တိုင်းရင်းသားလူမျိုးများ၏ သဘောဆန္ဒနှင့်အညီ တိုင်းရင်းသားရေးရာကိစ္စရပ်များကို အလေးထားဆောင်ရွက်ပေးခြင်း၊

(ဆ-၂) ဒေသဖွံ့ဖြိုးရေးကို ပြန်လည်တာဝန်ဆောင်ရွက်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးရန်အတွက် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များအား အခြေခံနှင့် အဆင့်မြင့်ပညာရပ်များ သင်ကြားပေးရန် စီမံဆောင်ရွက်ပေးခြင်း။

(ဂ) မူလဥပဒေကြမ်း အပိုဒ် ၃၊ ပုဒ်မ ၅၊ပုဒ်မခွဲ(က)ကို ပယ်ဖျက်ရန်မသင့်၍ မူလဥပဒေအတိုင်းထားရှိသင့်ကြောင်းနှင့် မူလဥပဒေကြမ်း အပိုဒ် ၅၊ အပိုဒ်ခွဲ (ခ)ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၇-၆-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၆၂)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၆၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၃)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက် နှင့် အချိန်ကို ကြိုတင်၍ အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၂)ရက်မြောက်နေ့ကို ၁၀း၅၆ နာရီအချိန်တွင် ရပ်နားပါသည်။]

J9